## Nativity of Our Lord (Christmas) YEAR C

**1st READING:** ***Isaiah 52:7-10***

ဟေရှာယအနာဂတ္တိကျမ်း။ ၅၂း ၇–၁၀

ငြိမ်သက်ခြင်း၏ ဝမ်းမြောက်စရာ သိတင်းကို ကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာ သီ တင်းကို ကြားပြောသောသူ၊သင်၏ဘုရားသခင်စိုးစံတော်မူ၏ဟုဇိအုန်မြို့အားပြောသောသူ၏ခြေတို့သည်တောင်ပေါ်မှာအလွန်တင့်တယ်လှစွာတကား။ သင်၏ ကင်းစောင့်တို့၏ အသံကို နားထောင်ကြလော့။သူတို့သည်အသံကိုလွှင့်၍၊ရွှင်လန်းသောအသံနှင့်တညီတညွတ်တည်းကြွေးကြော်ကြ၏။ အကြောင်းမူကား၊ ထာဝရဘုရားသည်ဇိအုန်မြို့သို့ပြန်လာတော်မူကြောင်းကိုကိုယ်တိုင်မြင်ရကြ၏။ယေရုရှလင်မြို့၌ပြိုပျက်ရာအရပ်တို့၊တညီတညွတ်တည်းသီချင်းဆိုသံနှင့်ကြွေးကြော်ကြလော့။ထာဝရဘုရားသည်မိမိလူတို့ကိုနှစ်သိမ့်စေတော်မူပြီ၊ယေရုရှလင်မြို့ကိုရွေးနှုတ်တော်မူပြီ။ထာဝရဘုရားသည်ခပ်သိမ်းသောလူအမျိုးမျိုးတို့ရှေ့မှာ၊သန့်ရှင်းသောလက်ရုံးတော်ကိုဖွင့်ပြတော်မူသဖြင့်၊ မြေကြီးစွန်းရှိသမျှ တို့သည် ငါတို့ဘုရားသခင်၏ ကယ်တင်တော် မူခြင်း ကျေးဇူးကို သိမြင်ကြလတံ့။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

**Responsorial Psalm 98:1, 2-3, 3-4, 5-6**

ဆာလံကျမ်း ၉၈

**သံပြိုင်။** ။ မြေကြီးစွန်း အပေါင်းတို့သည်လည်း ငါတို့ဘုရားသခင်၏ကယ်တင်တော်မူခြင်းကိုမြင်ရကြပြီ။

၁။ ထာဝရဘုရားအားသီချင်းသစ်ကိုသီဆိုကြလော့။အကြောင်းမူကားကိုယ်တော်သည်အံ့ဖွယ်ရာများကိုပြုတော်မူပြီ။ကိုယ်တော်၏လကျာ်လက်တော်နှင့်သန့်ရှင်းသောလက်ရုံးတော်သည်ကိုယ်တော်အတွက်ကယ်တင်ခြင်းအမှုတော်ကိုဆောင်ရွက်လေပြီ။
**သံပြိုင်။**

၂။ ထာဝရဘုရားသည်မိမိ၏ကယ်တင်တော်မူခြင်းကိုထင်ရှားစေ၍မိမိ၏ဖြောင့်မတ်မှန်ကန်ခြင်းကိုလူမျိုးတကာတို့အာဖော်ပြတော်မူ၏ ။အစ္စရေးလ်အမျိုးသားတို့အပေါ်မိမိ၏မေတ္တာတော်နှင့်သစ္စာတော်တို့ကိုအောက်မေ့တော်မူ၏ ။ **သံပြိုင်။**

၃။ မြေကြီးစွန်းအပေါင်းတို့သည်လည်းငါတို့ဘုရားသခင်၏ကယ်တင်တော်မူခြင်းကိုမြင်ရကြပြီ။မြေကြီးသားအပေါင်းတို့ထာဝရဘုရားထံတော်သို့ရွှင်လန်းစွာအော်ဟစ်ကြလော့။တူရိယာတီးမှုတ်၍ဝမ်းမြောက်ဖွယ်သီချင်းကိုတခဲနက်သီဆိုကြလော့။
**သံပြိုင်။**

၄။ စောင်းတီး၍ထာဝရဘုရားအားတီးမှုတ်သီဆိုကြလော့။စောင်းတီး၍သီဆိုကျေးကြလော့။ငါတို့၏ဘုရင်ထာဝရဘုရားရှေတော်မှောက်တွင်တံပိုးခရာနှင့်သိုးချိုတို့ကိုမှုတ်၍ရွှင်လန်းစွာအော်ဟစ်ကြလော့။ **သံပြိုင်။**

## 2nd READING: Hebrews 1:1-6

ဟီဘရူးသြဝါဒစာ။ ၁း ၁–၆

လွန်ခဲ့ပြီးသောရှေးခေတ်ကာလ၌၊ဘုရားသခင်သည်ငါတို့ဘိုးဘေးတို့အားပရောဖက်များအားဖြင့်ကြိမ်ဖန်များစွာနည်းအမျိုးမျိုးဖြင့်ဗျာဒိတ်ပေးတော်မူခဲ့၏။သို့ရာတွင်ဤနောက်ဆုံးသောငါတို့ခေတ်ကာလ၌ဘုရားသခင်သည်သားတော်အားဖြင့်ငါတို့အားဗျာဒိတ်ပေးတော်မူ၏။ကိုယ်တော်သည်ထိုသားတော်ကိုအရာခပ်သိမ်းတို့၏အမွေခံအဖြစ်ခန့်ထားတော်မူ၍သားတော်အားဖြင့်စကြဝဠာတစ်ခုလုံးကိုဖန်ဆင်းတော်မူ၏။ထိုသားတော်သည်ဘုရားသခင်၏ဘုန်းတန်ခိုးရောင်ခြည်တော်နှင့်ထွန်းတောက်ကာ၊ဘုရားဇာတိအဖြစ်တော်၏ပကတိပုံသဏ္ဍာန်ဖြစ်တော်မူ၏။မိမိ၏စွမ်းအားတန်ခိုးတော်၏အမိန့်တော်အားဖြင့်စကြဝဠာကိုတည်ရှိစေတော်မူ၏။ကိုယ်တော်သည်လူသားတို့၏အပြစ်များအတွက်သန့်ရှင်းစင်ကြယ်ခြင်းကိုပြုတော်မူပြီးနောက်ကောင်းကင်ဘုံတွင်၊အနန္တတန်ခိုးတော်ရှင်ဘုရားသခင်၏လက်ယာတော်ဖက်၌စံပယ်တော်မူ၏။သားတော်သည်ကောင်းကင်တမန်တော်တို့ရရှိသောဘွဲ့နာမထက်ထူးမြတ်သောဘွဲ့နာမတော်ကိုခံရသဖြင့်ကောင်းကင်တမန်တော်တို့ထက်ကြီးမြတ်သောသူဖြစ်တော်မူ၏။ဘုရားသခင်သည်မည်သည့်ကောင်းကင်တမန်တော်အား၊သင်သည်ငါ့သားဖြစ်၏။ယနေ့ပင်သင့်ကိုငါဖြစ်ပေါ်စေပြီဟူ၍လည်းကောင်း၊မည်သည့်ကောင်းကင်တမန်တော်အားငါသည်သူ၏အဖဖြစ်၏။သူသည်လည်းငါ၏သားဖြစ်ရလိမ့်မည်ဟူ၍မိန့်တော်မူခဲ့ဖူးသနည်း။တဖန်ဘုရားသခင်သည်၊မိမိ၏သားဦးကို၊ဤလောကသို့စေလွှတ်တော်မူသောအခါ၊ကောင်းကင်တမန်တော်အပေါင်းတို့သည်၊ထိုသူ့ကိုရှိခိုးဝတ်ပြုကြရစေဟုမိန့်တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## **GOSPEL:** *John 1:1-18*

ရှင်ယောဟန်ဧဝံဂေလိကျမ်း။ ၁း ၁–၁၈

အစကနဦး၌နှုတ်ကပတ်တော်သည်တည်ရှိတော်မူ၏ နှုတ်ကပတ်တော်သည်ဘုရားသခင်နှင့်အတူရှိတော်မူ၏ ။နှုတ်ကပတ်တော်သည်ကားဘုရားသခင်ဖြစ်တော်မူ၏ ။ကိုယ်တော်သည်အစကနဦးကပင်ဘုရားသခင်နှင့်အတူရှိတော်မူ၏ ။ကိုယ်တော်အားဖြင့်အရာခပ်သိမ်းတို့သည်ဖြစ်ပေါ်လာကြ၏ ။ကိုယ်တော်နှင့်ကင်း၍ဖြစ်လာသောအရာတစ်စုံတစ်ခုမျှမရှိခဲ့ချေ။ထာဝရအသက်သည်ကိုယ်တော်၌တည်ရှိ၍လူတို့၏ အလင်းဖြစ်၏ ။အလင်းသည်မှောင်မိုက်တွင်ထွန်းတောက်၏ ။မှောင်မိုက်သည်ကားအလင်းကိုမလွှမ်းမိုးနိုင်ချေ။ယောဟန်အမည်ရှိသောလူတစ်ဦးကိုဘုရားသခင်စေလွှတ်တော်မူ၏ ။ဤသူအားဖြင့်လူသားအားလုံးယုံကြည်လာကြစေရန်အလင်းတော်၏ အကြောင်းကိုသက်သေခံခြင်းငှါသူကြွလာခဲ့၏ ။သူသည်အလင်းတော်မဟုတ်၊အလင်းတော်အကြောင်းကိုသက်သေခံရန်ကြွလာသောသူသာဖြစ်၏ ။စစ်မှန်သောအလင်းတော်သည်ကားလူအပေါင်းတို့ကိုထွန်းလင်းစေရန်ကမ္ဘာလောကထဲသို့ကြွလာမည်ဖြစ်၏ ။ကိုယ်တော်သည်ကမ္ဘာလောကတွင်ရှိတော်မူပြီးဖြစ်၍ကမ္ဘာလောကသည်ကိုယ်တော်အားဖြင့်ဖြစ်ပေါ်လာ၏ ။ကမ္ဘာလောကမူကားကိုယ်တော်ကိုမသိချေ။ကိုယ်တော်သည်မိမိလူမျိုးတို့၏ အရပ်သို့ကြွလာတော်မူသော်လည်းမိမိလူမျိုးတို့သည်ကိုယ်တော်ကိုလက်မခံကြ။ကိုယ်တော်ကိုလက်ခံကြ၍နာမတော်၌ယုံကြည်ကြသောသူတို့အားဘုရားသခင်၏ သားသမီးဖြစ်ရသောအခွင့်ကိုပေးတော်မူ၏ ။ထိုသူတို့သည်အသွေးအသားမှမဟုတ်၊လူ၏ အလိုအားဖြင့်လည်းမဟုတ်ဘဲဘုရားသခင်မှမွေးဖွားကြ၏ ။နှုတ်ကပတ်တော်သည်လူ့ဇာတိအဖြစ်ကိုယူတော်မူ၍ကျေးဇူးတော်နှင့်လည်းကောင်းသမ္မာတရားတော်ဖြင့်လည်းကောင်းပြည့်စုံလျက်ငါတို့အလယ်တွင်စံပွါယ်တော်မူ၏ ။ကိုယ်တော်၏ ဘုန်းတော်ကိုလည်းခမည်းတော်၏ တစ်ပါးတည်းသောသားတော်၏ ဘုန်းတော်ကဲ့သို့ငါတို့ဖူးမြင်ကြရပြီ။ယောဟန်သည်ကိုယ်တော်၏ အကြောင်းကိုသက်သေခံ၍ကြွေးကြော်သည်ကားငါ့နောက်မှကြွလာမည့်သူသည်ငါမရှိမီရှိနှင့်သည်ဖြစ်၍ငါ့ထက်ကြီးမြတ်သည်ဟုငါဆိုခဲ့သောသူသည်ဤသူပင်ဖြစ်သတည်း။ဤသူ၏ ပြည့်စုံခြင်းမှငါတို့သည်ကျေးဇူးတော်တစ်ပါးအပေါ်တစ်ပါးထပ်ဆင့်ခံရကြပြီ။အကြောင်းမူကားမိုးဇက်အားဖြင့်ပညတ်တရားကျမ်းသည်ပေးထားလျက်ရှိ၏ ။ကျေးဇူးတော်နှင့်သမ္မာတရားတော်သည်ကားယေရှုခရစ်တော်အားဖြင့်လာသတည်း။ဘုရားသခင်ကိုမည်သူမျှမမြင်ဖူးသော်လည်းခမည်းတော်၏ ရင်ခွင်တော်၌ရှိတော်မူသောတစ်ပါးတည်းသောသားတော်သည်ကိုယ်တော်ကိုထင်ရှားစေတော်မူ၏ ။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။